## <u>အစီရင်ခံစာ အနှစ်ချုပ်</u>

ပဋိပက္ခများ၊ ပြဿနာရပ်များ ပြည့်နှက်လျက်ရှိသည့် သယံဇာတ တူးဖော်ထုတ်လုပ်ရေး ကဏ္ဍများကို တာဝန်ယူမှု၊ တာဝန်ခံမှု ပိုမိုအားကောင်းလာစေရန် ရည်ရွယ်သည့် အရေးပါသော ခြေလှမ်းတစ်ရပ်ကို ၂၀၁၉ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် မြန်မာအစိုးရက စတင် ပြုလုပ်ခဲ့ပါသည်။ အဆိုပါ လုပ်ငန်းစဉ်အရ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထား သည့် သယံဇာတ တူးဖော်ရေး လုပ်ငန်း (ကော်ပိုရေးရှင်း) များ၏ **"အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု"** (Beneficial ownership) နှင့် ပတ်သက်သည့် သတင်းအချက်အလက် များကို **"ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန"** (DICA) မှ စတင်၍ ထုတ်ပြန်ကြေညာခဲ့ပါသည်။ မြန်မာနိုင်ငံရှိ ရေနံ၊ ဓာတ်ငွေ့ နှင့် သတ္တုတူးဖော်ရေး ကုမ္ပဏီများကို အမှန်တကယ် ပိုင်ဆိုင်ထိန်းချုပ်ထားသည့် ပိုင်ရှင်များနှင့် ပတ်သက်၍ ပိုမိုပွင့်လင်းမြင်သာမှု ရှိလာစေရန် Global Witness နှင့် အခြားသော အရပ်ဘက်လူမှုအဖွဲ့အစည်းများက ကာလကြာမြင့်စွာ အစဉ်တစိုက် တောင်းဆိုခဲ့ပါသည်။ ဤကဲ့သို့အရေးပါသည့် အလှည့်အပြောင်းကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံသည် အဆိုပါ လုပ်ငန်းစဉ်များကို[1] အလေးအနက်ထား ဆောင်ရွက်လျက်ရှိသော နိုင်ငံများပါဝင်သည့် အဖွဲ့ငယ်တစ်ခု နှင့် လက်တွဲ ပူးပေါင်းခဲ့ပါသည်။

အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များ စုဆောင်းမှုနှင့်ပတ်သက်၍ တစ်ကမ္ဘာလုံးတွင် စံကိုက် ဖော်ထုတ်နိုင်ရေးအတွက် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက် စံသတ်မှတ်ချက် (BODS) ကို စီစဉ်ဖန်တီးပေးခဲ့သည့် Open Ownership အဖွဲ့၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အရ **"အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု"** (Beneficial ownership) ဆိုသည်မှာ တရားဝင်ရပ်တည်နေသော အဖွဲ့အစည်းတစ်ခု၏ ဝင်ငွေ (သို့မဟုတ်) ပိုင်ဆိုင်မှုများအပေါ် ဝေစု တစ်စုံတစ်ရာပိုင်ဆိုင်ခွင့် (သို့မဟုတ်) အဆိုပါ အဖွဲ့အစည်း၏ လုပ်ငန်းဆောင်တာများ အပေါ် ညွှန်ကြားခွင့် (သို့မဟုတ် ) ဩဇာလွှမ်းမိုးခွင့် (ထိန်းချုပ်ခွင့်) ကိုဆိုလိုပါသည်။[2] ဤအချက်အလက်များ သည် အဂတိလိုက်စားမှု၊ အခွန်ရှောင်လွှဲမှု နှင့် အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခများကို ကာကွယ်တိုက်ဖျက်ရာ၌ အဓိကသော့ချက်နေရာတွင် ရှိနေပါသည်။ ကုမ္ပဏီများကို ထိန်းချုပ်ပိုင်ဆိုင်ထားသူများနှင့်ပတ်သက်သည့် သတင်း အချက်အလက်များကို အများပြည်သူထံသို့ ချပြခြင်းအားဖြင့် ပြည်သူလူထုအနေဖြင့် ၎င်းလုပ်ငန်းများနှင့် ပတ်သက်ဆောင်ရွက်လျက်ရှိသူများကို ပိုမိုသိရှိလာမည်ဖြစ်သကဲ့သို့ အရပ်ဘက်လူမှုအဖွဲ့အစည်းများ အနေဖြင့် လည်း သက်ဆိုင်ရာ အာဏာပိုင်များ၏ တာဝန်ယူမှု၊ တာဝန်ခံမှု ပိုမိုအားကောင်းလာစေရန် တွန်းအားပေးနိုင်မည် ဖြစ်ပါသည်။ ကုမ္ပဏီများအနေဖြင့် မမှန်ကန် မတိကျသော သတင်းအချက်အလက်များကို ထုတ်ပြန်ပါက ၎င်းတို့ ၏ ဂုဏ်သတင်းကို ထိခိုက်စေနိုင်သောကြောင့် အရည်အသွေး နိမ့်ပါးသည့် အချက်အလက်များ ထုတ်ပြန်ခြင်းကို ကာကွယ်တားဆီးရာတွင် ပြည်သူလူထု၏ စိစစ်ရွေးချယ်မှုသည်လည်း အရေးပါသော နည်းလမ်းတစ်သွယ် ဖြစ်ပါ သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးသည် လက်ရှိ တပ်မတော်ခေါင်းဆောင်များ၊ ယခင် စစ်အစိုးအဖွဲ့ဝင်ဟောင်းများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ စစ်အစိုးရ ကျောထောက်နောက်ခံပြု ပြည်သူ့စစ်အဖွဲ့များ၊ ၎င်းတို့နှင့် ဆက်စပ်သည့် ခရိုနီ ကုမ္ပဏီများ၏ ချုပ်ကိုင်ကြီးစိုးမှုကို ကာလအလွန်ရှည်ကြာစွာ ခံခဲ့ရခြင်းကြောင့် အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များသည် နိုင်ငံအတွက် အထူးပင် အရေးပါ ပါသည်။ နိုင်ငံရေး နှင့်ပတ်သက်ဆက်နွှယ်လျက်ရှိသော လုပ်ငန်းပိုင်ရှင်များသည် မိသားစုဝင်များ၊ မိတ်ဆွေရင်းများနှင့် အခြား လုပ်ဖော်ကိုင်ဖက်များကို လုပ်ငန်းပိုင်ရှင်အဖြစ် အမည်ခံစေခြင်းအားဖြင့် ၎င်းတို့၏ အမည်ကို တရားဝင် ဖော်ပြခြင်းမှ ရှောင်ရှားနိုင်သည့်အပြင် လုပ်ငန်းမှ အမှန်တကယ် ငွေကြေး အမြတ်အစွန်း စီးဆင်းမှုများကို ဖုံးကွယ် နိုင်ပါသည်။ အကျိုးအမြတ်ရရှိ ပိုင်ဆိုင်မှုကို ထုတ်ပြန်ကြေညာရန် သတ်မှတ်ပြဋ္ဌာန်းချက်များသည် ဖော်ပြပါ လျှို့ဝှက်ဖုံးကွယ်မှုများကို ဖွင့်ချဖော်ထုတ်နိုင်ပြီး မြန်မာပြည်သူများအနေဖြင့် မိမိတို့နိုင်ငံရှိ လုပ်ငန်းများ၊ ကုမ္ပဏီ များ၏ ပိုင်ရှင်အစစ်အမှန်ကို ပထမဆုံးအကြိမ်အဖြစ် သိရှိခွင့် ရရှိစေနိုင်မည့် အလားအလာရှိပါသည်။ အချို့သော ကုမ္ပဏီများသည် မှားယွင်းသော သို့မဟုတ် အထင်အမြင်လွဲမှားစေမည့် သတင်းအချက်အလက်များ စီစဉ်တင်ပြ ထားရှိခြင်းအားဖြင့် ၎င်းတို့၏ ပိုင်ရှင် အစစ်အမှန်ကို ဖုံးကွယ်ရန် အားထုတ်သကဲ့သို့ အချို့ ကုမ္ပဏီများကမူ မရည်ရွယ်ဘဲ ထိုသို့ မှားယွင်း လုပ်ဆောင်မိတတ်ကြပါသည်။ မည်သို့ပင်ဖြစ်စေကာမူ အချက်အလက်များသည် ကုမ္ပဏီများ၏ ပိုင်ရှင် အစစ်အမှန်များကို သိရှိနိုင်စေရန်အတွက် အဖိုးတန်သော သဲလွန်စများအဖြစ် ရှိနေဆဲ ဖြစ်ပါသည်။

---

[1] အကျိုးအမြတ်ရယူပိုင်ဆိုင်မှု ဆိုင်ရာ အချက်အလက်များ ကို ဖော် ထုတ်ကြေညာထားသည့်နိုင်ငံများပြ မြေပုံ
: https://www.openownership.org/map/

[2] "Primer – အကျိုးအမြတ် ရယူပိုင်ဆိုင်မှု ဆိုတာ ဘာလဲ?, *အကျိုးအမြတ် ရယူပိုင်ဆိုင်မှု စံသတ်မှတ်ချက်* , .၂၀၂၀ ဇွန်လမှ စတင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည် https://standard.openownership.org/en/latest/primer/whatisbo.html

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို ဖိစီးနှိပ်စက်လျက်ရှိသည့် အကျိုးစီးပွားပဋိပက္ခများတွင် ပါဝင်နေသူများ နှင့် ပတ်သက်၍ လှစ်ဟဖော်ထုတ်ရာတွင်လည်း အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များက အထောက်အကူပြုပါသည်။ စစ်တပ်နှင့် ဆက်စပ်လျက်ရှိသော ကုမ္ပဏီများနှင့်ပတ်သက်၍ ပိုမို ရှင်းလင်းစွာ သိရှိ နားလည်စေရန် ဆောင်ရွက်ခြင်းအားဖြင့် စစ်တပ်အား ၎င်းတို့၏ လုပ်ရပ်များအတွက် ပိုမိုထိရောက်သော တာဝန်ယူမှု တာဝန်ခံမှု ရှိစေရန် တွန်းအားပေးနိုင်မည် ဖြစ်ကြောင်း ရိုဟင်ဂျာ မူဆလင်များ၏ အတိဒုက္ခ နှင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သည့် ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်များအတွင်း စစ်တပ်၏ ပါဝင်ပတ်သက်မှု များ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကရင်ပြည်နယ် နှင့် အခြား တိုင်းရင်းသား ဒေသများတွင် စစ်တပ် မှ ကျူးလွန်ခဲ့သည့်[3] နှိပ်စက်ညှင်းပန်းမှုများကို ကျယ်ကျယ်ပြန့်ပြန့် တင်ပြထားသည့် အစီရင်ခံစာများက မီးမောင်းထိုးပြလျက် ရှိပါသည်။

အလားတူပင် ကချင်ပြည်နယ်ရှိ ကျောက်စိမ်းတွင်း တူးဖော်ရေး လုပ်ငန်းများတွင် ပိုင်ဆိုင်သူအစစ်အမှန်ကို ဖုံးကွယ်ထားသည့် ကုမ္ပဏီများက အဓိကအခန်းကဏ္ဍမှ ကာလရှည်ကြာစွာ ကြီးစိုးလျက်ရှိပြီး ၎င်းကျောက်စိမ်း လုပ်ငန်းမှ ရရှိသော အမြတ်အစွန်းများက ပြည်နယ် ဒေသတွင်း ဖြစ်ပွားနေသည့် ပဋိပက္ခများ ဆက်လက် တောက်လောင်စေရန် တွန်းအားပေးလျက်ပါသည်။ Global Witness မှ ယခင်ကတည်းက မှတ်တမ်းတင် ထားသည့်အတိုင်း အမြတ်အစွန်း ကြီးမားသည့် ကျောက်စိမ်း လုပ်ငန်းကဏ္ဍတွင် စစ်တပ်နှင့် ပတ်သက်သော အဖွဲ့အစည်းများ၊ ခရိုနီကုမ္ပဏီများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ နှင့် အများအားဖြင့် သတိပြု စောင့်ကြည့်ခြင်း မခံရသည့် အစိုးရ ကျောထောက်နောက်ခံပြု ပြည်သူ့စစ်အဖွဲ့များက အဓိက လွှမ်းမိုးချုပ် ကိုင်ထားပါသည်။[4] ဖော်ပြပါ အဖွဲ့အစည်းများသည် ကျောက်စိမ်းကဏ္ဍမှ ရရှိသည့် ကြီးမားလှသည့် အမြတ်အစွန်းများကို အဓိက အကျိုးအမြတ်ခံစားလျက်ရှိပြီး (၂၀၁၄) တွင် အမြင့်ဆုံး ဝင်ငွေအဖြစ် အဆိုပါ လုပ်ငန်းကဏ္ဍမှ[5] အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ ကျော်ခန့် ရရှိခဲ့ကြောင်း (Global Witness) မှ ခန့်မှန်း တွက်ချက်ထားပါသည်။ ထို့အပြင် အခြားနှစ်များတွင်လည်း ကျောက်စိမ်းကဏ္ဍမှ ရရှိသည့် ဝင်ငွေသည် ရင်သပ်အံ့သြဖွယ် ကောင်းလှပါသည်။ Natural Resources Governance Institute မှ ထုတ်ပြန်သည့် (၂၀၁၉) စစစ်လေ့လာချက်အရ အခြားနှစ်များတွင် ရရှိသည့် နှစ်စဉ် ကျောက်စိမ်း[6] ဝင်ငွေသည် အမေရိကန် ဒေါ်လာ ၂ ဘီလီယံ နှင့် ၁၅ ဘီလီယံ အကြားရှိကြောင်း ခန့်မှန်းတွက်ချက်ထားပါသည်။

ခရိုနီကုမ္ပဏီများ၊ လက်နက်ကိုင် အဖွဲ့များ နှင့် အခြားဖုံးကွယ်ထားသော စီးပွားရေးအခွင့်ထူးခံ အဖွဲ့အစည်းများ သည် ကျောက်စိမ်း ကဏ္ဍမှရရှိသည့် အမြတ်အစွန်းများဖြင့် အလွန်ချမ်းသာလာသော်လည်း ဖားကန့် အစရှိသည့် သတ္တုတွင်းဒေသများရှိ ဒေသခံပြည်သူများမှာမူ ဆင်းရဲမွဲဆင်းရဲလျက်ရှိကြရုံမျှသာမက အထိန်းအကွပ်မရှိ ပရမ်းပတာ ကျောက်စိမ်း တူးဖော်ခြင်းမှ ရရှိလာသည့် သဘာဝပတ်ဝန်းကျင် နှင့် လူမှုရေးဆိုင်ရာ ဆိုးဆိုးဝါးဝါး ပျက်စီးမှု အကျိုးဆက်များကို ရင်ဆိုင်နေရသည့်အပြင် သတ္တုတွင်းဒေသများကို ထိန်းချုပ်နေသည့် လက်နက်ကိုင် အဖွဲ့များ၏ ပဋိပက္ခများအကြားတွင်လည်း မြေစာပင်သဖွယ် ခံစားနေကြရပါသည်။ အဆိုပါ ဆိုးရွားသည့် အကျိုးဆက်များသည် ဖားကန့်ဒေသ၌ ဇူလိုင်လ ၂ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် မြေပြိုမှု ဖြစ်ရပ်တွင် ထပ်မံ၍ အထင်းသား ပေါ်ပေါက်ခဲ့ပါသည်။ အဆိုပါဖြစ်ရပ်ကြောင့် မုတ်သုံရာသီအတွင်း ပိတ်သိမ်းထားရန် မြန်မာအစိုးရမှ ညွှန်ကြားထားသည့် သတ္တုတွင်းတစ်ခုအတွင်း ကျောက်စိမ်းအလွတ်တူးဖော်သူ (ရေမဆေးသမား) ၂၀၀ ကျော် အရှင်လတ်လတ် မြေစာပုံပိ၍ သေဆုံးခဲ့ကြရပါသည်။[7] ဖားကန့်ဒေသတွင် ကြုံတွေ့ရလျက်ရှိသည့် တရားဥပဒေ ကင်းမဲ့မှု နှင့် ယင်းအခြေအနေဆိုးများမှ အကျိုးအမြတ် ရရှိနေသည့် ကုမ္ပဏီများ၏ ပိုင်ရှင် အစစ်အမှန်ကို ရှာဖွေဖော်ထုတ်ခြင်း မပြုနိုင်ပါက ကချင်ပြည်နယ်တွင် လက်ရှိဖြစ်ပွားနေသည့် ပဋိပက္ခများ နှင့် စီမံအုပ်ချုပ်မှု ဆိုင်ရာ ပြဿနာရင်းမြစ်များကို ပြည့်ဝစွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန် ဖြစ်နိုင်ခြေ အလွန်နည်းလှပါသည်။

---

[3] “မြန်မာ စစ်တပ် ၏ စီးပွါးရေး ဆိုင်ရာ အကျိုးအမြတ်များ ”, ကုလသမ္မဂ လူ့အခွင့်အရေး ကောင်စီ သီးခြားလွတ်လပ်သော အချက်အလက် ရှာဖွေရေး မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာ မစ်ရှင် ၂၀၁၉ ဩဂုတ် ၅ ; https://www.nytimes.com/2019/08/05/world/asia/myanmar-military-business-united-nations.html

[4] Global Witness ၏ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းဆိုင်ရာ ယခင် အစီရင်ခံစာများ : “ကျောက်စိမ်း - မြန်မာနိုင်ငံ၏ ကြီးမားသော နိုင်ငံတော်လျှို့ဝှက်ချက် (၂၀၁၅) နှင့် ကျောက်စိမ်းရာဇာများ (၂၀၁၅)”.

[5] “’ ကျောက်စိမ်း - မြန်မာနိုင်ငံ၏ ကြီးမားသော နိုင်ငံတော်လျှို့ဝှက်ချက် (၂၀၁၅),” *Global Witness*, အောက်တိုဘာ ၂၃ ၂၀၁၅ စာမျက်နှာ ၆.

[6] Shornell, Paul. " ပြိုးပြက်တောက်ပသော ရတနာများ ဆုံးရှုံးခြင်း : မြန်မာနိုင်ငံ ကျောက်စိမ်းနှင့် ကျောက်မျက် လုပ်ငန်းကဏ္ဍ တွင် အခွန်တိမ်းရှောင်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်း ." *သဘာဝ သယံဇာတ စီမံအုပ်ချုပ်မှု အဖွဲ့အစည်း ဖေဖော်ဝါရီ (၁၁) ၂၀၁၉ စာမျက်နှာ (၃၅)*

[7] Mann နှင့် ဇာနည် “မြန်မာနိုင်ငံ မြောက်ပိုင်း ကျောက်စိမ်းတွင်း တွင် မြေပြို မှုကြောင့် အနည်းဆုံး လူ ၁၂၆ ဦးသေဆုံး .” *ဧရာဝတီသတင်းဌာန ဇူလိုင် (၂) ၂၀၂၀* . https://www.irrawaddy.com/news/burma/landslide-kills-least-126-northern-myanmar-jade-mine.html

ကိုကို နှင့် ကျော် “ဖားကန့်ဒေသ မြေပြိုမှု ဖြစ်ပွါးရာနေရာသို့စုံစမ်းစစ်ဆေးသူများ လာရောက် ကြည့်ရှု.” မြန်မာတိုင်း ဇူလိုင် (၅) ၂၀၂၀ . https://www.mmtimes.com/news/investigators-visit-site-hpakant-mining-disaster.html

အကယ်၍ မြန်မာ အစိုးရ၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ အမည်စာရင်းတင်သွင်းမှု အစီအစဉ်သည် ဖော်ပြပါ ရလဒ်များကို ဖြည့်ဆည်းနိုင်ရန် ရည်ရွယ်သည် ဆိုပါက ကုမ္ပဏီများအနေဖြင့် မှန်ကန်သော အချက်အလက်များ ကို တင်ပြရန် အထူးလိုအပ်ပါသည်။ ကျွန်ုပ်တို့၏ စီစစ်လေ့လာချက်များအရ ကုမ္ပဏီ စုစုပေါင်း၏ သုံးပုံ တစ်ပုံကျော်သည် အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု ဆိုင်ရာ အချက်အလက်များကို ပထမအဆင့်အနေဖြင့် တင်သွင်း ရာတွင် အကြောင်းအမျိုးမျိုးကြောင့် အချက်အလက် တိကျပြည့်စုံမှုမရှိခြင်း (သို့မဟုတ်) မည်သည့် အချက်အလက် စာရွက်စာတမ်းမျှ တင်သွင်းမှုမရှိခြင်း (သို့မဟုတ်) သတ်မှတ်ရက်ထက် နောက်ကျ တင်သွင်းခြင်း တို့ကို တွေ့ရှိရပါသည်။

ဖော်ပြပါ အခက်အခဲ ပြဿနာများကို ကုစားရာတွင် အဓိက အခန်းကဏ္ဍတစ်ခုမှ ပါဝင်လျက်ရှိသော (DICA) ၏ လုပ်ပိုင်ခွင့်မှာ ကုမ္ပဏီများ မှ သတင်းအချက်အလက်များ စုဆောင်းသိမ်းဆည်းရန်ဖြစ်ပါသည်။ အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေး လုပ်ငန်းအဖွဲ့ (The Beneficial Ownership Task Force) သည်လည်း အစိုးရဌာနဆိုင်ရာ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းများမှ ခေါင်းဆောင်များ နှင့် အရပ်ဘက် လူမှု အဖွဲ့အစည်းများမှ အဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်နိုင်စေရန် ညှိနှိုင်းပေးခြင်းဖြင့် ထိရောက်ခိုင်မာသော မူဝါဒဆိုင်ရာ မူဘောင်တစ်ခု ဖြစ်ထွန်းပေါ်ပေါက်လာစေရေး နှင့် သက်ဆိုင်ရာ အချက်အလက်များ အစီရင်ခံ တင်ပြရာတွင် အဓိကလိုအပ်ချက်များ သတ်မှတ်ရေးအတွက် အဓိက အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။

သက်ဆိုင်ရာ အခန်းကဏ္ဍများမှ ပါဝင်ဆောင်ရွက်လျက်ရှိသော အခြား အကျိုးစီးပွားပါဝင်ပတ်သက်သူများလည်း ရှိနေပါသည်။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန နှင့် လုပ်ငန်းခွင့်ပြုမိန့်ထုတ်ပေးရေး အဖွဲ့အစည်းများဖြစ်သည့် မြန်မာ့ ကျောက်မျက်ရတနာလုပ်ငန်း၊ မြန်မာ့ သတ္တုတွင်း၊ ရေနံ နှင့် ဓာတ်ငွေ့ တူးဖော်ရေးဌာနစသည်တို့သည် သတ်မှတ်ချက်များနှင့်အညီ ပြုမူဆောင်ရွက်ရန် အတွက် စည်းမျဉ်းစည်းကမ်း သတ်မှတ်ရေး၊ ထိန်းသိမ်းကြပ်မတ်ရေး၊ စည်းရုံးသိမ်းသွင်းရေးစသည့် အဓိက တာဝန်များကိုထမ်းဆောင်လျက်ရှိပါသည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အနေဖြင့် အဂတိ လိုက်စားသည်ဟု သံသယဖြစ်သော အဖွဲ့အစည်းများကို စုံစမ်းစစ်ဆေးနိုင်ပါသည်။ မြန်မာနိုင်ငံရှေ့နေချုပ်ရုံး အနေဖြင့် ဘက်ပေါင်းစုံ လွှမ်းခြုံပါဝင်သည့် ဥပဒေမူဘောင်တစ်ခုကို ရေးဆွဲပေးနိုင်ပြီး လွှတ်တော်သည် လိုအပ် သည့် ဥပဒေမူဘောင်ကို ပေးအပ်နိုင်ပါသည်။

## <u>အဓိကလေ့လာတွေ့ရှိချက်များ</u>

**ကုမ္ပဏီ အများအပြားသည် အချက်အလက်တင်သွင်းမှု လုံးဝမပြုလုပ်ခြင်း (သို့မဟုတ်) သတ်မှတ်ရက်ထက် နောက်ကျတင်သွင်းခြင်းများကိုတွေ့ရပါသည်။** ပထမအဆင့်အနေဖြင့် တင်သွင်းသည့် ကုမ္ပဏီ စုစုပေါင်း ၁၆၂ ခုတွင် ကုမ္ပဏီ ၂၄ ခု (၁၅%) သည် လုံးဝတင်သွင်းခြင်းမပြုဘဲ အခြား ကုမ္ပဏီ ၁၇ ခု (၁၀%) မှာမူ သတ်မှတ် ရက်ထက် နောက်ကျတင်သွင်းသည်ကို တွေ့ရှိရပါသည်။ အနာဂတ်တွင် မြန်မာအစိုးရအနေဖြင့် စီးပွားရေး အဖွဲ့အစည်းများကို ကိုင်တွယ်ဆောင်ရွက်ရာတွင် ဥပဒေသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း မရှိသော ကုမ္ပဏီများအား လုပ်ငန်းလိုင်စင် ဆိုင်းငံ့ခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊ ကြီးမားသည့် ဒဏ်ငွေ ချမှတ်ခြင်းစသည့် ထိရောက်သော အရေးယူ ဆောင်ရွက်မှုများကို စံပြအနေဖြင့် ပြုလုပ်ရန် လိုအပ်ပါသည်။

**ကုမ္ပဏီများမှ တင်သွင်းသည့် အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက် အများအပြားသည် ပြည့်စုံမှု မရှိသည်ကို တွေ့ရှိရပါသည်။** ကုမ္ပဏီ ၃ ခုတို့သည် သတ်မှတ်ချက်နှင့်ကိုက်ညီသော တရားဝင် ပိုင်ရှင်များအား အကျိုးအမြတ်ရယူပိုင်ဆိုင်သူများအဖြစ် စာရင်းသွင်းဖော်ပြရန် ပျက်ကွက်ခဲ့ပါသည်။ ကုမ္ပဏီ ၅ ခုမှ အဖွဲ့အစည်း ပိုင်ရှင်များစာရင်း တင်သွင်းရာတွင် ၎င်းတို့၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများသည် မည်သူတို့ဖြစ်သည်ဟူသော အချက်အလက်များ ပါဝင်ခြင်း မရှိကြောင်း တွေ့ရှိရပါသည်။ နိုင်ငံခြား အစိုးရပိုင် ကုမ္ပဏီ ၃ ခု မှ တင်သွင်းသော အချက်အလက်များမှာ ပြည့်စုံခြင်း မရှိသည်ကို တွေ့ရှိရပါသည်။ တင်သွင်းသည့် ကုမ္ပဏီ စုစုပေါင်း ၁၆၂ ခုအနက် ၁၁ ခု (၇ %) မှာ အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက် ပြည့်စုံမှု မရှိသည်ကို တွေ့ရှိရပါသည် ။

---

[8] အချက်တင်သွင်းမှု နောက်ကျသော ကုမ္ပဏီ များ နှင့် လိုအပ်ချက် ပြည့်မီခြင်း မရှိသော ကုမ္ပဏီ များ စာရင်းကို နောက်ဆက်တွဲ (က) တွင် အပြည့်အစုံ ကြည့်ရှုနိုင်ပါသည်.
DICA မှဖော်ပြထားသော မှတ်တမ်း မှတ်ရာ ပေါင်း (၁၆၃) ခုကို တွေ့ရှိရပါသည် သို့သော် မြန်မာ့စီးပွါးရေး ကော်ပိုရေး ရှင်းသည် သတ္တု ၊ ကျောက်မျက် နှင့် ကျောက်စိမ်း လုပ်ငန်း ကဏ္ဍ နှစ် ခုလုံး တွင်ဆောင်ရွက်နေသောကြောင့် DICA ၏ စာရင်းတွင် (၂) ကြိမ်ပါဝင်နေကြောင်း သိရှိရပါသည်
ထို့ကြောင့် လုပ်ငန်းကုမ္ပဏီ စုစုပေါင်း ၁၆၂ ခုသာ ပါဝင်ပါသည် ကုမ္ပဏီများ၏ အချက်အလက် တင်သွင်းသည့် များ တိကျမှု အနေအထားကို အကဲဖြတ်ခြင်း (ဇူလိုင် ၆ ၂၀၂၀ အထိ)

**နိုင်ငံရေးအရ သြဇာတိက္ကမ ရှိသူများ (PEPs) နှင့် ပတ်သက်သည့် အချက်အလက်များမှာ အလွန်တရာ အားနည်းလှပါသည်။** မြန်မာ့တွင်းထွက်သယံဇာတလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးအဖွဲ့ (MEITI) ၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေး လုပ်ငန်းအဖွဲ့၏ အဓိပ္ပါယ် သတ်မှတ်ဖွင့်ဆိုချက်အရ နိုင်ငံရေးအရ သြဇာတိက္ကမရှိသူများ ဆိုသည်မှာ ပြည်တွင်း သို့မဟုတ် နိုင်ငံတကာရေးရာများတွင် အရေးပါသော တိုင်းပြည် (ပြည်သူ့) တာဝန်များကိုထမ်းဆောင်ရန် ယုံကြည်အပ်နှံခြင်းခံရသူဖြစ်ပါသည်။ ၎င်းတို့၏ သြဇာလွှမ်းမိုးမှုနှင့် ရာထူးဌာန္တရများကြောင့် ရာထူးလုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ ငွေကြေးစီးဆင်းမှုကို ဖုံးကွယ်ရန် (သို့မဟုတ်) နိုင်ငံရေးမျက်နှာသာ ရရှိမှုများအတွက် အဂတိလိုက်စားမှု သက်ရောက်နိုင်ခြေ အန္တရာယ်မြင့်မားပါသည်။ အဆိုပါ ပုဂ္ဂိုလ်များ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိရန် အထူးလိုအပ်ပါသည်။ ကုမ္ပဏီ ၈ ခု (၅ %) ကသာ ၎င်းတို့၏ ပိုင်ရှင်များတွင် MEITI အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဖော်ဆောင်ရေး လုပ်ငန်းအဖွဲ့ ၏ အဓိပ္ပါယ် သတ်မှတ်ဖွင့်ဆိုချက်အရ PEP ဟုယူဆနိုင်သူ တစ်ဦး သို့မဟုတ် တစ်ဦးထက် ပို၍ ပါဝင်သည်ဟု ထုတ်ဖော် ကြေညာထားပါသည်။

မြန်မာ့စီးပွားရေးကဏ္ဍ အထူးသဖြင့် သယံဇာတ တူးဖော်ရေးလုပ်ငန်းများတွင် နိုင်ငံရေးနယ်ပယ် နှင့် ပတ်သက်ဆက်နွှယ်နေသည့် သြဇာတိက္ကမရှိသည့် လုပ်ငန်းရှင်ကြီးများ နယ်ပယ်အနှံ့ လွှမ်းမိုးနေခြင်းကြောင့် PEP များ ပါဝင်မှု အလွန်နည်းပါးနေခြင်းသည် ဖြစ်နိုင်ခြေ မရှိသလောက် နည်းပါးပါသည်။ မြန်မာ့နိုင်ငံရှိ အချို့သော လုပ်ငန်းကဏ္ဍများတွင် နိုင်ငံရေးသြဇာတိက္ကမရှိသူများနှင့် အဆက်အသွယ်ရှိရန်လိုအပ်ခြင်းသည် စံသတ်မှတ်ချက် တစ်ခုအဖြစ် ရှုမြင်ထားကြပါသည်။ ကျွန်ုပ်တို့ အဖွဲ့အစည်းအနေဖြင့် နိုင်ငံရေးဆိုင်ရာ ပုဂ္ဂိုလ်များ နှင့် ပတ်သက်ဆက်နွှယ်မှုရှိသော ကုမ္ပဏီ ၁၀ ခု (၆%) ကို ထပ်မံဖော်ထုတ်ထားပါသည်။ Global Witness မှ ပြုလုပ်ခဲ့သော သတ္တုတူးဖော်ရေးကဏ္ဍအတွင်း စစ်တပ် နှင့် လက်နက်ကိုင် အဖွဲ့များ၏ ပါဝင်ပတ်သက်မှု အတိုင်းအတာ သုတေသန လေ့လာချက်များကို ထောက်ရှုခြင်းအားဖြင့် ဤတွေ့ရှိမှု ပမာဏသည် အဖျားအနား မျှသာရှိပါသေးသည်။

**အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်သည့် အများပြည်သူ လေ့လာသိရှိနိုင်မည့် သမိုင်းမော်ကွန်းတိုက် မရှိသေးပါ။** ယခုအကြိမ်သည် မြန်မာနိုင်ငံ၏ အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များ၊ အစုရှယ်ယာရှင်များစာရင်းကို ပထမဆုံးအကြိမ်အဖြစ် ထုတ်ပြန်မှု ဖြစ်ကောင်းဖြစ်နိုင်ပါ သည်။ သို့ရာတွင် ထိုသို့ထုတ်ပြန်ခြင်းသည် နောက်ဆုံးအကြိမ် ဖြစ်နိုင်ဖွယ် မရှိပါ။ ကုမ္ပဏီအားလုံးနီးပါး၏ အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုဆိုင်ရာ ဖွဲ့စည်းပုံသည် အချိန်နှင့်လိုက်၍ ပြောင်းလဲမည်ဖြစ်သော်လည်း DICA ၏ အချက်အလက် အစုအဝေး (Database) တွင် အဆိုပါပြောင်းလဲမှုများကို ခြေရာခံ စစ်ဆေးနိုင်မည့် ကောင်းမွန် သော စနစ်တစ်ခု မရှိသေးပါ။ သတင်းအချက်အလက်များ ပထမဆုံး ထုတ်ပြန်ကြေညာပြီးနောက်ပိုင်းတွင် ကုမ္ပဏီ အများအပြားသည် ၎င်းတို့၏ စာရွက်စာတမ်း အချက်အလက်များကို နောက်ဆုံး အခြေအနေနှင့်ကိုက်ညီအောင် ပြင်ဆင်ကြပြီးဖြစ်ပါသည်။ DICA ၏ အချက်အလက်အစုအဝေးတွင် ကုမ္ပဏီများမှ ပြုလုပ်ထားသည့် အပြောင်းအလဲများနှင့် ပတ်သက်သည့် မှတ်တမ်းမှတ်ရာများ မရှိပါ။ သမိုင်းကြောင်း အချက်အလက်များသည် ကုမ္ပဏီများ နှင့် လူပုဂ္ဂိုလ်များ၏ ဆက်နွှယ်ပတ်သက်မှုကို စုံစမ်းစစ်ဆေးရန်အတွက် အထူး လိုအပ်သကဲ့သို့ ထိရောက်သော အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုဆိုင်ရာ အမည်စာရင်းတင်သွင်းမှုတိုင်းအတွက် မရှိမဖြစ် အရေးပါသော လုပ်ငန်းစဉ်တစ်ခုလည်းဖြစ် ပါသည်။
**အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု ဖော်ထုတ်ရန် သတ်မှတ်များတွင် ထိရောက်သော ပြစ်ဒဏ်များလည်းပါဝင်ရန် အရေးကြီးပါသည်။** အဓိကအားဖြင့် အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု အမည်စာရင်းတင်သွင်းရာတွင် တင်ပြထားသည့် အချက်အလက်များ မှန်ကန်တိကျမှု ရှိမှသာလျှင် အသုံးဝင်မည်ဖြစ်ပါသည်။ ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု နှင့်ပတ်သက်သည်တို့ကို သင့်လျော်မှန်ကန်စွာ တင်ပြရန် တွန်းအား၊ ဆွဲဆောင်မှု စသည်တို့ မရှိပါက ၎င်းတို့ထံမှရရှိမည့် အချက်အလက်များသည်လည်း ပြည့်စုံတိကျလိမ့်မည် မဟုတ်ပါ။ အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုဖော်ဆောင်ရေး လုပ်ငန်းအဖွဲ့၊ DICA နှင့် အခြား အာဏာပိုင် အဖွဲ့အစည်းများ အနေဖြင့် တိကျပြည့်စုံသော အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုဆိုင်ရာ သတင်းအချက်အလက်များ တင်သွင်းရန် ပျက်ကွက်မှုကြောင့် ဖြစ်ပေါ်လာမည့် အကျိုးဆက်များကို ကုမ္ပဏီများအား နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားထားရန် အထူးလိုအပ်ပါသည်။ ထိုသို့ပြုလုပ်ရန် ပျက်ကွက်သော အဖွဲ့အစည်းများအား ဒဏ်ခတ်အရေးယူမှု တစ်စုံတစ်ရာပြုလုပ်ရန် ကျွန်ုပ်တို့အနေဖြင့် အကြံပြုတိုက်တွန်းလိုပါသည်။ ဥပမာအားဖြင့် သယံဇာတတူးဖော် ထုတ်လုပ်နေသော ကုမ္ပဏီများအား လုပ်ငန်းခွင့်ပြုချက် သို့မဟုတ် ဈေးပြိုင်လျှောက်ထားခွင့် ပိတ်ပင်ခြင်းစသည်တို့ဖြစ်ပါသည်။ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ

---

[9] Jones, Lee. "" မြန်မာ့ အသွင်ကူးပြောင်းရေးကာလ နိုင်ငံရေး စီးပွါးရေး အခြေအနေ ." *အာရှခေတ်ပြိုင် ဂျာနယ် အတွဲ (၄၄) အမှတ် (၁) ၂၀၁၄ စာမျက်နှာ (၁၄၈ ၊ ၁၄၉)*.; Rutherfurd, Isabel, "မြန်မာနိုင်ငံ၏ ကြီးမားသော အောက်ဈေး ပွဲတော်ကြီး", နိုင်ငံခြားရေးမူဝါဒ အောက်တိုဘာ (၂၉) ၂၀၁၅.

လိုက်နာလုပ်ဆောင်မှု အားကောင်းစေရန် နှင့် ထိုအစဉ်အလာကို ထိန်းသိမ်းနိုင်ရန် သင့်လျော်သော စည်းကမ်းကြပ်မတ်မှုစနစ်များ အထူးလိုအပ်ပါသည်။

## အကြံပြုထောက်ခံချက်များ

### ရင်းနှီး မြှုပ်နှံ မှု နှင့် ကုမ္ပဏီ များ ညွှန်ကြားမှု ဦးစီးဌာန (DICA)

**အွန်လိုင်းမှ အမည်စာရင်းတင်သွင်းရာတွင် ညွှန်ကြားချက်နှင့် ကိုက်ညီမှု မရှိသည့် အချက်များကို ချက်ချင်း စစ်ဆေး၍ အသုံးပြုသူများကို အမှားပြင်ဆင်ရန် တိုက်တွန်းနိုင်မည့် နည်းပညာဆိုင်ရာစနစ်တစ်ခု အကောင်အထည်ဖော်ရန်။** ဤအစီရင်ခံစာတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု တင်သွင်းရာ၌ စည်းကမ်းနှင့် မကိုက် ညီသည့် အချက်များကို ထောက်ပြထားပြီး ဖော်ပြပါ စနစ်ကိုအသုံးပြုပါက အွန်လိုင်းစနစ်ဖြင့်စတင်ဝင်ရောက် သည်နှင့်တပြိုင်နက် ချက်ချင်းသိရှိနိုင်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် ပိုင်ရှင် အမည်စာရင်းတင်သွင်းသည့် ကုမ္ပဏီတစ်ခုသည် စတင်တင်သွင်းရာတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ သတ်မှတ်အဆင့် (၅ %) ကို ပြည့်မီသည့် ပိုင်ရှင် စာရင်းကို တင်သွင်းပြီးဖြစ်သော်လည်း နောက်ပိုင်းတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ ပိုင်ရှင် မရှိဟု ကြေညာပါက အဆိုပါ လျှောက်ပုံစံကို ချက်ချင်း ပြန်လည်စစ်ဆေးရန် တိုက်တွန်းနိုင်မည်ဖြစ်ပါသည်။ အကယ်၍ အမည်စာရင်းတင်သွင်းသည့် ကုမ္ပဏီ ၏ ပိုင်ရှင်သည် နိုင်ငံပိုင် လုပ်ငန်းပိုင်ရှင်လည်း ဖြစ်နေပါက ၎င်းနှင့် ပတ်သက်သည့် အချက်အလက်များကို အွန်လိုင်းမှ စီစစ်အတည်ပြုခြင်း လုပ်ငန်းစဉ်အတွက် အသေးစိတ် တင်ပြရန်လိုအပ်ပါသည်။ ထို့အပြင် အမည်စာရင်းတင်သွင်းသည့် ကုမ္ပဏီတွင် ပိုင်ရှင် အများအပြားရှိနေပါက အဆိုပါ ကုမ္ပဏီအနေဖြင့် ပိုင်ရှင်အားလုံးနှင့်ပတ်သက်သည့် အချက်အလက်များကို တင်ပြရန်လိုအပ်ပါသည်။ ဖော်ပြပါ နယ်ပယ် နှစ်ရပ်လုံးကို စစ်ဆေးခြင်းဖြင့် ကုမ္ပဏီ အများအပြားအား တိကျ မှန်ကန်ခြင်း မရှိသည့် အချက်အလက်များ တင်သွင်းလာခြင်းမှ ကြိုတင်တားဆီးနိုင်ပါလိမ့်မည် ။

အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုဖော်ဆောင်ရေး လုပ်ငန်းအဖွဲ့အနေဖြင့် အချက်အလက်ကောက်ခံမှု ဒုတိယ အဆင့် အတွက် လိုအပ်ချက်များ သတ်မှတ်နေပြီ ဖြစ်သောကြောင့် ဖော်ပြပါ နည်းပညာ ဆိုင်ရာစနစ် တိုးမြှင့်မှုကိုလည်း လိုအပ်ချက်တစ်ခုအနေဖြင့် ထည့်သွင်းသင့်ပါသည်။ ဤသို့ အလိုအလျောက် စီစစ်အတည်ပြုခြင်း လုပ်ငန်းစဉ်ကို အကောင်အထည်ဖော် အသုံးပြုခြင်းဖြင့် တင်ပြသောအချက်အလက်များကို လူအားဖြင့် ပြန်လည်စစ်ဆေး ရသည့် အလုပ်ပမာဏကို လျှော့ချ နိုင်ပြီး DICA အနေဖြင့် စည်းမျဉ်းစည်းကမ်းနှင့်ကိုက်ညီမှုမရှိသည့် ကိစ္စရပ်များကို ပိုမိုထိရောက်စွာ ကိုင်တွယ်ဆောင်ရွက်နိုင်လိမ့်မည် ဖြစ်ပါသည်။ စီစစ်အတည်ပြုခြင်း လုပ်ငန်းစဉ်အားဖြင့်လည်း DICA မှ လက်ခံရရှိမည့် အချက်အလက်များ၏ မှန်ကန်တိကျမှု အရည်အသွေးကို မြှင့်တင်နိုင် လိမ့်မည်ဖြစ် သည့်အပြင် အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေး လုပ်ငန်းအဖွဲ့ ပိုင်းခြားစီစစ်မှု အပိုင်း (၃.၂) တွင် မီးမောင်းထိုးပြထားသည့် ဖုန်းနံပါတ် နှင့် မှတ်ပုံတင်အမှတ်များ ထည့်သွင်းရာတွင် တွေ့ကြုံရသည့် ပြဿနာ အချို့ကို ဖြေရှင်းနိုင်မည် ဖြစ်ပါသည်။

**အွန်လိုင်းဖြင့် ကြားခံဆက်သွယ်မှုစနစ်မှတဆင့် ရရှိနိုင်သည့် နောက်ဆုံးပြင်ဆင်ဖြည့်စွက်ချက်များနှင့် များပြားလှသော တင်သွင်းထားသည့် အချက်အလက်များကို သဟဇာတဖြစ်စေရန်အတွက် ချိန်သားကိုက် ဆောင်ရွက်ရန် ။** ကျွန်ုပ်တို့အနေဖြင့် အများပြည်သူကြည့်ရှုနိုင်ရန် အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုနှင့်ပတ်သက်သည့် အနှစ်ချုပ် အချက်အလက်များ အား JSON နှင့် CSV ပုံစံတို့ဖြင့်ထုတ်ပြန်ကြေညာမည့် DICA ၏ဆုံးဖြတ်ချက်ကို အထူး ချီးကျူးကြိုဆိုပါသည်။ သို့ရာတွင် အဆိုပါ များပြားလှစွာသော အချက်အလက်များသည် အွန်လိုင်းဖြင့် ကြားခံဆက်သွယ်မှုစနစ်မှတဆင့် ရရှိနိုင်သည့် နောက်ဆုံးပြင်ဆင်ဖြည့်စွက်ချက်များနှင့် ကိုက်ညီမှု မရှိသေး သည်ကို တွေ့ရှိရပါသည်။ ကျွန်ုပ်တို့ အကြံပြုလိုသည်မှာ DICA အနေဖြင့် အဆိုပါ အနှစ်ချုပ် ဖော်ပြချက်များကို ပုံမှန်အချိန်အပိုင်းအခြားအတိုင်း ပြင်ဆင်မွမ်းမံ၍ ၎င်းတို့နှင့်သက်ဆိုင်သည့် အချိန်အပိုင်းအခြားနှင့်တကွ ရှင်းလင်းစွာ ဖော်ပြသင့်ပါသည်။

**အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များကို ပုံမှန် အချိန်အပိုင်းအခြားအတိုင်း စုဆောင်း ထုတ်ပြန်၍ ကုမ္ပဏီများကိုလည်း ၎င်းအကြောင်းအရာနှင့်ပတ်သက်၍ အပြောင်းအလဲတစ်စုံတစ်ရာ ရှိပါက အချိန်နှင့်တပြေးညီ ပြင်ဆင်ဖြည့်စွက်စေရန် ညွှန်ကြားပါ။** ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုဆိုင်ရာအခြေအနေကို နှစ်စဉ် အတည်ပြုတင်ပြရန်လိုအပ်ပါသည်။ အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု ဆိုင်ရာ အနေအထား ပြောင်းလဲခြင်း မရှိသော ကုမ္ပဏီများအနေဖြင့် လည်း ၎င်းတို့၏ ပိုင်ရှင်သည် ယခင်တင်ပြ ထားသည့် ပိုင်ရှင်ပင်ဖြစ်ကြောင်း အတည်ပြုသည့်

ပုံမှန်အကြောင်းကြားစာ တစ်စောင် တင်သွင်းနိုင်ပါသည်။ အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုဆိုင်ရာ အနေအထား ပြောင်းလဲခြင်းရှိသော ကုမ္ပဏီများ များအနေဖြင့် UK အစရှိ သည့် နိုင်ငံများတွင် ကျင့်သုံးလျက်ရှိသော အချိန်သတ်မှတ်ချက် စံနှုန်းများနှင့်အညီ ပိုင်ရှင်အသစ် ပြောင်းလဲသည့် အကြောင်းအရာကို ၁၄ ရက်အတွင်း ရှင်းလင်းတင်ပြရန် လိုအပ်ပါသည်။ ထို့နောက် နှစ်စဉ်တင်သွင်းသည့် အစီရင်ခံစာတွင် အဆိုပါ ပြောင်းလဲသွားသော ပိုင်ရှင်အသစ် နှင့်ပတ်သက်သည့် အချက်အလက်အသေးစိတ်ကို တင်ပြနိုင်ပါသည်။ DICA အနေဖြင့် အဆိုပါ ပြောင်းလဲမှုများကို ၎င်း၏ ဝက်ဆိုက် နှင့် အချက်အလက်ဖိုင်များတွင် စောနိုင်သမျှစောလျှင်စွာ နည်းပညာအကူအညီဖြင့် ပွင့်လင်းမြင်သာစွာ ထုတ်ဖော်ကြေညာရန် လိုအပ်ပါသည်။

**ကုမ္ပဏီ များ အနေဖြင့် ၎င်းတို့၏ ပိုင်ရှင်များနှင့်ပတ်သက်သည့် PEP ဆိုင်ရာ အချက်အလက်များကို ကိုယ်တိုင် ထုတ်ပြန်ကြေညာနိုင်စေရန် လုပ်ငန်းစဉ်များကို အဆင့်မြှင့်တင်ပေးခြင်းဖြင့် ပိုင်ရှင်တစ်ဦးချင်းစီအတွက် သက်ဆိုင်ရာ PEP စံချိန်စံညွှန်းများကို ပြုစုရေးဆွဲနိုင်ရန် လမ်းညွှန်ရပါမည်။** အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း စစ်တပ်၊ လက်နက်ကိုင်အုပ်စုများနှင့် ပတ်သက်ဆက်နွယ်မှုများစွာရှိသော ကုမ္ပဏီ အများအပြားသည် ၎င်းတို့ ပိုင်ရှင်များ၏ PEP ဆိုင်ရာ အနေအထားကို မှန်ကန်စွာ ထုတ်ဖော်ကြေညာလေ့မရှိကြပါ။ PEP စံချိန်စံညွှန်းများ နှင့်ပတ်သက်၍ နားလည်မှု လွဲမှားနိုင်သည့် အခြေအနေများကို ရှောင်ရှားနိုင်ရန် အတွက် အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေး လုပ်ငန်းအဖွဲ့ နှင့် DICA တို့အနေဖြင့် ဝက်ဆိုက် လျှောက်လွှာ ပုံစံကို ညှိနှိုင်းပြင်ဆင် ပေးခြင်းဖြင့် ကုမ္ပဏီများသည် ၎င်းတို့၏ ပိုင်ရှင်နှင့်ပတ်သက်သည့် PEP အနေအထားများကို တင်ပြရာတွင် PEP စံသတ်မှတ်ချက်ပြည့်မီသည် (သို့မဟုတ်) ပြည့်မီခြင်း မရှိပါဟူသည့်အဖြေများ (Yes or No) ကို မဆိုင်းမတွ ဖြေဆိုနိုင်မည်ဖြစ်ပါသည်။ သက်ဆိုင်ရာ အစိုးရ အာဏာပိုင် များအနေဖြင့် အဆိုပါ (Yes or No) အဖြေများအပေါ် အခြေခံ၍ တင်ပြထားသည့် ပိုင်ရှင်များသည် PEP အနေအထားဖြစ် မဖြစ်ကို ဆုံးဖြတ် သတ်မှတ်နိုင်ပါသည်။ မှန်သည် (Yes) ဟု ဖြေဆိုလိုက်သော အဖြေတစ်ခုသည် သက်ဆိုင်ရာ ကုမ္ပဏီ ပိုင်ရှင်ကို PEP တစ်ယောက် အဖြစ်သတ်မှတ်ရန် လုံလောက်နိုင်ပါသည်။

**အရပ်ဘက် လူမှုအဖွဲ့အစည်းများ နှင့် သတင်းသမားများအနေဖြင့် ပိုင်ရှင် အမည်စာရင်း တင်သွင်းမှုများနှင့် ပတ်သက်သည့် မေးခွန်းများ ထောက်ပြမေးမြန်းနိုင်စေရန် နှင့် ပြဿနာရပ်များဖော်ထုတ်တင်ပြ နိုင်စေမည့် နည်းလမ်းများကို အခြေခိုင်စေရန် ဆောင်ရွက်ရပါမည်။** အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက် များနှင့်ပတ်သက်သည့် ပြဿနာများ၊ မှန်ကန်ခြင်းမရှိသော ဖော်ပြချက်များကို ရှာဖွေဖော်ထုတ်ရာ တွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် အဓိက အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ DICA အနေဖြင့် ၎င်းတို့ထံ တင်သွင်းသည့် အသေးစိတ် အချက်အလက်ဖိုင်များတွင် ရှေ့နောက်မညီ ကွဲလွဲမှုများ ရှိပါက အလွယ်တကူ အမှတ်အသား ပြုလုပ်နိုင်မည့် စနစ်တစ်ခု (ဥပမာအားဖြင့် ဝက်ဆိုက် ခလုတ်တစ်ခု နှိပ်ရုံမျှဖြင့် အသိပေးကြေညာပြီးဖြစ်သည့် သတင်းပို့ စနစ်တစ်ခု) စီစဉ်ထားရှိရန်လိုအပ်ပါသည်။ ဤနည်းအားဖြင့် ရေရှည် တွင် DICA သည် အမှတ်အသားပြုထားသော ဖိုင်များကို စီစစ်၍ လိုအပ်သော ပြန်လည်ကုစားမှု (ဥပမာ ကုမ္ပဏီများအား စာရင်း အချက်အလက် ထပ်မံတင်သွင်းစေခြင်း) စသည်တို့ကို ပြုလုပ်နိုင်ပါလိမ့်မည်။ ရေတိုကာလတွင် ဖော်ပြပါ စနစ်သည် DICA နှင့် အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေး လုပ်ငန်းအဖွဲ့ တို့အတွက် ၎င်းတို့ထံ တင်သွင်းသည့်အချက်အလက်များ သတ်မှတ်စည်းကမ်းနှင့်ကိုက်ညီခြင်းရှိမရှိ ခြေရာခံရာ တွင် အထောက်အကူ ပြုပါလိမ့်မည်။

**ကုမ္ပဏီ များမှ တင်သွင်းထားသည့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များတွင် အပြောင်းအလဲ များ ရှိလာပါကခြေရာခံနိုင်မည့် စနစ်တစ်ခု စီစဉ်ပြုလုပ်ထားရန် လိုအပ်ပါသည် ။** အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု နှင့်ပတ်သက်သော အချက်အလက်များကို နောက်ကြောင်းပြန် ၍ ခြေရာခံနိုင်ခံနိုင်ခြင်း ရှိ မရှိ ပြဿနာသည်မူလ တင်သွင်းသည့် နောက်ဆုံးသတ်မှတ်ချိန် လများအတွင်း ပေါ်ပေါက်လာလေ့ ရှိပါသည်။ ကုမ္ပဏီများအနေဖြင့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ အပြောင်းအလဲများကို တရားဝင် တင်ပြရန် လိုအပ်ပြီး အဆိုပါတင်ပြမှုများကို DICA ၏ MyCo ဝက်ဆိုက်တွင် အခြား ကော်ပိုရေးရှင်း ဖိုင်များနည်းတူအများပြည်သူ သိရှိနိုင်စေရန်သိမ်းဆည်း ထားသင့်ပါသည်။ ထပ်မံ ဖြည့်စွက်မွမ်းမံသည့်အချက်အလက်များကို DICA ဝက်ဆိုက်စာမျက်နှာတွင် ဖော်ပြရာ တွင် ကုမ္ပဏီများ၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များကို ရှင်းလင်းစွာ အကျဉ်းချုပ် ပြသထား ရန်နှင့် လက်ရှိပိုင်ရှင်များသာမက ယခင် ပိုင်ရှင်များကိုပါ ဖော်ပြရန်လိုအပ်ပါသည် ။ DICA အနေဖြင့် အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုဆိုင်ရာ အ ပြောင်းအလဲများကို ပို၍လွယ်ကူစွာ ဖော်ပြနိုင်ရန်အတွက် သက်ဆိုင်ရာ စံနှုန်း များနှင့်အညီ အချက်အလက်များကို သိမ်းဆည်းထားရန်နှင့် ထုတ်ပြန် ကြေညာရန် အကြံပြုလိုပါသည် ။[10]

[10] http://standard.openownership.org/en/0.2.0/schema/concepts.html.

## အခြား မြန်မာအစိုးရ ဝန်ကြီးဌာန များ နှင့် နိုင်ငံ ပိုင် လုပ်ငန်းများ

**အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များ တင်သွင်းရာတွင် လိုအပ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စီစစ်သုံးသပ်၍ ကိုက်ညီပါက လုပ်ငန်းခွင့်ပြုချက် လိုင်စင်ချပေးခြင်း နှင့် မှန်ကန်တိကျသော သတင်းအချက် အလက် တင်သွင်းခြင်း မရှိသည့် ကုမ္ပဏီများကို လိုင်စင်ရုပ်သိမ်းခြင်းစသည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် လိုအပ်ပါသည် ။** အချက်အလက် တင်သွင်းခြင်းမရှိသည့် ကုမ္ပဏီများ အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု အချက်အလက်များ (သို့မဟုတ်) PEP ဆိုင်ရာ တိကျမှန်ကန်သော အချက်အလက် တင်သွင်းခြင်း မရှိသည့် ကုမ္ပဏီများအား ၎င်းတို့၏ လိုအပ်ချက်များကို ပြင်ဆင်တင်သွင်းလာချိန်အထိ ၎င်းတို့နှင့် သက်ဆိုင်သည့် ရေနံ၊ ဓာတ်ငွေ့ နှင့် သတ္တု တူးဖော်ခွင့် လိုင်စင်များ ရုပ်သိမ်းထားခြင်း၊ ခွင့်ပြုချက် လိုင်စင်လျှောက်ထားခွင့် ပိတ်ပင် ထားခြင်း စသည့် အရေးယူမှုများကို ဆောင် ရွက်ထားရန်လိုအပ်ပါသည်။ အစိုးရဝန်ကြီးဌာနများဖြစ်သည့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန နှင့် ၎င်းဝန်ကြီး ဌာနများ လက်အောက်ရှိ နိုင်ငံပိုင်လုပ်ငန်းများဖြစ်သော မြန်မာ့ ကျောက်မျက် ရတနာလုပ်ငန်း ၊ မြန်မာ့ သတ္တု တွင်း၊ ရေနံ နှင့် ဓာတ်ငွေ့ တူးဖော်ရေးဌာန တို့အနေဖြင့် DICA မှ ကောက်ယူထားသော အချက်အလက်များကို အသုံးပြု၍ ခွင့်ပြုချက် လုပ်ငန်း ထုတ်ပေးခြင်း ၊ ပြန်လည်သုံးသပ်ခြင်းတို့ကို ပြုလုပ်နိုင်သောကြောင့် ၎င်းအချက် အလက်များသည် အစိုးရဝန်ကြီးဌာန အားလုံးအတွက် အထူးအရေးပါပါသည်။ မြန်မာအစိုးရအနေဖြင့် ကျောက်မျက် ရတနာ တူးဖော်ခွင့် လိုင်စင်ပြန်လည်ချထားပေးရန် အလေးအနက်ထား စဉ်းစားနေသကဲ့သို့ အခြား သတ္တု၊ ရေနံ နှင့် ဓာတ်ငွေ့ တူးဖော်ခွင့်လိုင်စင်များထုတ်ပေးခြင်းကို ဆက်လက်လုပ်ဆောင်လျက်ရှိသောကြောင့် မည်သည့်သယံဇာတ တူးဖော်ရေး ကဏ္ဍအတွက်မဆို လုပ်ငန်း ခွင့်ပြုချက်လိုင်စင် လျှောက်ထားရန်အတွက် အဓိက လိုအပ်ချက်အဖြစ် အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု ဆိုင်ရာအချက်အလက်များ တင်သွင်းရာတွင် DICA တွင် စာရင်းတင်သွင်းထားသည့် ကုမ္ပဏီပင်ဖြစ်စေ လိုအပ်ချက်နှင့် အညီ အပြည့်အဝ လိုက်နာဆောင်ရွက်စေရန် အစိုး ရ အနေဖြင့် ထိန်းသိမ်း ကြပ်မတ်ရန်အထူးလိုအပ်ပါသည်။

## အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေး လုပ်ငန်းအဖွဲ့

**အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက် များတင်သွင်းရမည့် ကုမ္ပဏီ အရေအတွက်ကို ထပ်မံ တိုးချဲ့ရန်လိုအပ်ပါသည်။** ကနဦး အဆင့်တွင် တင်သွင်းသည့် ကုမ္ပဏီ စုစုပေါင်း ၁၆၂ ခုသာရှိပြီး MEITI ၏ (၄) ကြိမ်မြောက် အစီရင်ခံစာတွင်တွင်ဖော်ပြထားပါသည်။ မြန်မာ အစိုးရအနေဖြင့် သယံဇာတ တူးဖော်ရေးကဏ္ဍ များတွင်သာမက နိုင်ငံတဝှမ်းလုံးတွင် လည်ပတ်နေသည့် ကုမ္ပဏီအားလုံးတို့မှ အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု ဆိုင်ရာ အချက်အလက်တင်သွင်းမှုကို ပြုလုပ်စေရန် တိုးချဲ့ ဆောင်ရွက်သင့်ပါသည်။ အဆိုပါဆောင်ရွက်ချက်ကို ၂၀၂၀ ဆောင်းဦးရာသီတွင် ပြုလုပ်ရန် အစီအစဉ် ရေးဆွဲထားသည့် အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု ဆိုင်ရာ အချက်အလက် ကောက်ခံရေး ဒုတိယ အဆင့် လုပ်ငန်းစဉ်နှင့်အတူ စတင်ဆောင်ရွက်သင့်ပါသည် ။

**လုပ်ငန်းစဉ် အချိန်ဇယား နှင့် အစီရင်ခံစာ တင်သွင်းမှု လိုအပ်ချက်များ ရှင်းလင်း သေချာမှု ရှိစေရန် ကုမ္ပဏီ များနှင့် အနီးကပ် ချိတ်ဆက်ဆောင်ရွက် ရမည်ဖြစ်ပါသည် ။** DICA ၊ သက်ဆိုင်ရာ စီးပွားရေး အဖွဲ့ အစည်းများ နှင့် အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု ဆိုင်ရာ အချက်အလက်များ ကောက်ခံရာတွင် ပါဝင်သည့်အခြား အဖွဲ့အစည်းများ အားလုံး ပူးပေါင်း၍ အချက်အလက်ကောက်ခံမည့် ရှင်းလင်းတိကျသော လုပ်ငန်းစဉ် ဇယားတစ်ခု ပြုစုရေးဆွဲရန် လိုအပ်ပါသည်။ ၎င်း လုပ်ငန်းစဉ် ဇယား နှင့်ပတ်သက်၍ ကုမ္ပဏီများ ကောင်းစွာ နားလည်သဘောပေါက်စေရန် နောက်ဆုံးသတ်မှတ်ရက် မတိုင်မီ စောစီးစွာ ကြိုတင်၍ ရှင်းလင်းပြောကြား ထားရမည်ဖြစ်ပါသည်။ နမူနာတစ်ခု အနေဖြင့် အစီရင်ခံစာတင်သွင်းမှုနောက်ကျသော ကုမ္ပဏီ တစ်ခုမှ ဖြေရှင်းချက်ပေးရာတွင် ၎င်းတို့အနေဖြင့် DICA မှပေးပို့သည့် အစီရင်ခံစာ အချက်အလက် တင်သွင်းရေး နှင့်ပတ်သက်သည့်တရားဝင် အကြောင်းကြားစာကို ရရှိ ခဲ့ခြင်းမရှိကြောင်း အခိုင်အမာ ပြောကြားပါသည် ။

အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု ဆိုင်ရာ အချက်အလက်များ တင်သွင်းရာတွင် လိုအပ်ချက်များနှင့် ပတ်သက်၍ ကုမ္ပဏီများသေချာစွာ သဘောပေါက် နားလည်စေရန် DICA အနေဖြင့် လုပ်ငန်း အဖွဲ့အစည်းများမှ ကိုယ်စား လှယ်များ၊

သက်သေခံလက်မှတ်ရေးထိုးမည့် အရာရှိ များအား လိုအပ်သော ဖြည့်စွက် သင်တန်းများ စီစဉ်ပေးခြင်း၊ မရှင်းလင်းသည်များကိုဖြေကြားပေးခြင်း စသည်တို့ ဆောင်ရွက်ရန် လိုအပ်ပါသည်။ ကုမ္ပဏီများအနေဖြင့် လုပ်ငန်းမူဘောင် အသစ်နှင့် အသားကျစေရန် လုပ်ငန်းအဖွဲ့အစည်းများမှ အဓိက ပံ့ပိုးပေးရန်လိုအပ်ပါသည်။ ဖော်ပြပါ သင်တန်းများသို့အချက်အလက်တင်သွင်းနိုင်ခြေရှိသည့် ကုမ္ပဏီများ တက်ရောက်ပြီး ထိုသို့တင်သွင်း ရာတွင် လိုအပ်ချက်များနှင့် ကိုက်ညီ မှုရှိစေရန် အဆိုပါသင်တန်းများက အထောက်အကူပြုပါလိမ့်မည်။

**စည်းကမ်း သတ်မှတ်ချက်များနှင့်ကိုက်ညီခြင်းမရှိသော ကုမ္ပဏီများအား အဖွဲ့အစည်းဆိုင်ရာ ဒဏ်ခတ် အရေးယူမှု များ -** အချက်အလက် တင်သွင်းရာတွင် မှန်ကန်တိကျမှု မရှိသော ကုမ္ပဏီများ (သို့မဟုတ်) လုံးဝ တင်သွင်းခြင်း မရှိသော ကုမ္ပဏီများသည် ပြစ်ဒဏ်ခတ်မှု အကျိုးဆက်များနှင့် ရင်ဆိုင်ရမည်ဖြစ်ပါသည်။ ဒဏ်ခတ် အရေးယူခြင်း ခံရသော ကုမ္ပဏီများ ၏ ဒါရိုက်တာများ၊ အစုရှယ်ယာဝင်များနှင့် အကျိုးအမြတ်ရရှိ ပိုင်ဆိုင်သူများမှ မူလ ချို့ယွင်းချက်များ ပြန်လည်ပြင်ဆင်ပြီးချိန်ထိ ၎င်းတို့အနေဖြင့် ကုမ္ပဏီအသစ်များအဖြစ် စာရင်းသွင်းခြင်းကို တားမြစ်ထားရန်လိုအပ်ပါသည်။ သို့မှသာလျှင် ၎င်းတို့အနေဖြင့် ကုမ္ပဏီအသစ်များကို အသုံးပြု၍ ရပ်ဆိုင်းထား သော လုပ်ငန်းများ ဆက်လက်လုပ်ကိုင်ရန် ကြိုးစားခြင်းမှ ကာကွယ်တားဆီးနိုင်ပါလိမ့်မည်။

အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုဆိုင်ရာ ဖော်ထုတ်တင်ပြခြင်းနှင့်ပတ်သက်သည့် မြန်မာနိုင်ငံ၏ စည်းမျဉ်းများသည် အသစ်ဖြစ်၍ အချို့ကုမ္ပဏီများ အစီရင်ခံတင်သွင်းရာတွင် သတ်မှတ်ထားသော လိုအပ်ချက်များကို အပြည့်အဝ သတိမပြုမိဘဲ ရှိနိုင်သောကြောင့် ၎င်းတို့အနေဖြင့် ဖော်ပြပါ ချို့ယွင်းချက်များ၊ မှားယွင်းတင်သွင်းမှုများကို ဥပဒေ အာဏာ သက်ရောက်စေသည့် အရေးယူဆောင်ရွက်မှုများ မစတင်မီအချိန်အထိ ပြန်လည်ပြင်ဆင်တင်သွင်းရန် အခွင့်အရေးရှိနေပါသည်။ သို့ရာတွင် ဤလိုက်လျောမှုမှာ အကန့်အသတ်ဖြင့်သာဖြစ်ပြီး နောက်တစ်ကြိမ် အစီရင်ခံစာ တင်သွင်းချိန်တွင် ရုတ်သိမ်း/ ရပ်ဆိုင်းမည်ဖြစ်ပါသည်။ အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေး လုပ်ငန်းအဖွဲ့ အနေဖြင့် အဆိုပါ ပြစ်ဒဏ်ခတ် အရေးယူမှုများကို မည်သို့ ချက်ချင်းဆောင်ရွက်မည်ကို အစီအစဉ် စတင်ချမှတ်ရတော့မည်ဖြစ်ပါသည် ။

**PEP ဆိုင်ရာ အဓိပ္ပါယ် ဖွင့်ဆိုချက် အမျိုးမျိုးကို ရှင်းလင်း၍ တသမတ်တည်းဖြစ်စေခြင်းဖြင့် မြန်မာနိုင်ငံ ဥပဒေ တွင် ရှေ့နောက် ကိုက်ညီမှု ရှိစေရန်လုပ်ဆောင်ရပါမည်။** PEP ဆိုင်ရာ အချက်အလက်များကို အစီရင်ခံ တင်ပြ ရာတွင် လိုက်နာရမည့် လိုအပ်ချက်များကို အလွယ်တကူ နားလည်စေရန် ပြင်ဆင်ထားရပါမည်။ ကုမ္ပဏီများ အနေဖြင့် PEP ဆိုင်ရာ အချက်အလက်များကို တင်သွင်းရာတွင် အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေး လုပ်ငန်းအဖွဲ့မှ အဓိပ္ပါယ် ဖွင့်ဆိုထားချက်များနှင့်အညီ လိုက်နာရမည်ဖြစ်ကြောင်း သမ္မတ၏ အမိန့်ကြော်ငြာစာ အမှတ် (၁၀၄/၂၀၁၉) တွင် ဖော်ပြထားပါသည်။ PEP ဆိုင်ရာ အဓိပ္ပါယ် ဖွင့်ဆိုချက်များသည် ကျယ်ပြန့်၍ ၎င်းတို့၏ မိသားစုဝင်များ၊ အမျိုးသားအဆင့် NGO အဖွဲ့ဝင်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ ခေါင်းဆောင် များ အဓိက ဩဇာတိက္ကမ ရှိသူဟု သတ်မှတ်ထားသော ပုဂ္ဂိုလ်များပါဝင်ပါသည်။ သို့ရာတွင် DICA ညွှန်ကြားချက် အမှတ် (၁၇/၂၀၁၉) တွင် ဖော်ပြထားသည့် PEP ဖော်ထုတ်တင်ပြမှုဆိုင်ရာ လိုအပ်ချက်များသည် အတန်ငယ် ရှုပ်ထွေးပြီး ၎င်းညွှန်ကြားချက်တွင် အစိုးရအဖွဲ့ဝင်များ၊ နိုင်ငံရေး ပါတီခေါင်းဆောင်များ နှင့် နိုင်ငံပိုင်လုပ်ငန်း များမှ ဒါရိုက်တာများကို အာရုံစူးစိုက်ဖော်ပြထားပါသည်။ (၂၀၁၄) မြန်မာနိုင်ငံ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေ တတိယမြောက် အဓိပ္ပာယ်ဖွင့်ဆိုချက်တွင်မူ PEP နှင့်ပတ်သက်၍ ပြည်သူ့တာဝန် တိုင်းပြည်တာဝန်ကို ထမ်းဆောင်ရန် ယုံကြည်အပ်နှံခြင်းခံရသူများ နှင့် ၎င်းတို့၏ မိသားစုဝင်များဟူ၍သာ ယေဘုယျ ဖော်ပြထားသည် ကို တွေ့ရပါသည်။ ဤကဲ့သို့ အာဏာပိုင်အဖွဲ့အစည်းအမျိုးမျိုး၏ ကွဲပြားသော အဓိပ္ပါယ်ဖွင့်ဆိုချက်များသည် PEPs ဆိုင်ရာ အချက်အလက်များတင်ပြရန် လိုအပ်သည့် ကုမ္ပဏီများအတွက် ရှုပ်ထွေးမှုများ ဖြစ်ပေါ်စေပြီး ၎င်းတို့၏ PEP များကို အပြည့်အဝဖော်ပြခြင်းမှ ရှောင်လွှဲနိုင်ရန် အခွင့်အရေး ရစေနိုင်ပါသည် ။

အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေး လုပ်ငန်းအဖွဲ့၏ PEP များဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အစိုးရ ၏ အဓိက တာဝန်ရှိသူများ၊ ပုဂ္ဂလိကကဏ္ဍ နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ နှင့် ဆွေးနွေး အကြံဉာဏ်ရယူ၍ မြန်မာ့နိုင်ငံရေး ရပ်ဝန်းတစ်ခုလုံးကို လွှမ်းခြုံမိစေရန် ထည့်သွင်းစဉ်းစား ရေးဆွဲပြုစုထားသော အသေးစိတ် အကျဆုံး အဓိပ္ပါယ် ဖွင့်ဆိုချက် တစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကုမ္ပဏီအားလုံး နှင့် အစိုးရဌာနများတွင် အသုံးပြု နိုင်မည့် တစ်ခုတည်းသော PEPs ဆိုင်ရာ အဓိပ္ပါယ် ဖွင့်ဆိုချက်ကို အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေး လုပ်ငန်းအဖွဲ့မှသဘောတူဆုံးဖြတ်ထားသော အဓိပ္ပါယ် ဖွင့်ဆိုချက်အပေါ် အခြေခံ၍ ရေးဆွဲပြုစု သင့်ပါသည်။

**အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ဖော်ထုတ်တင်ပြခြင်းများကို ပိုမို ထိရောက်စွာ စီစစ် အတည်ပြုနိုင်ရန် အစီအစဉ် တစ်ခု ချမှတ်ရေးဆွဲရန် လိုအပ်ပါသည်။** ကုမ္ပဏီများမှ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များ တင်သွင်းရာတွင်

သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ပိုမိုမြင့်မားစေရန် DICA အနေဖြင့် စစ်ဆေး အတည်ပြုခြင်း အစီအစဉ်တစ်ခု ရေးဆွဲအကောင်အထည်ဖော်ရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့၏ အစီရင်ခံစာတစ်ခုလုံးတွင် တိကျ မှန်ကန်မှုမရှိသော အချက်အလက်များ တင်သွင်းထားသည့် ကုမ္ပဏီများ၊ ထပ်မံစုံစမ်းစစ်ဆေးရန်လိုအပ် သည့် ကုမ္ပဏီများကို ဖော်ပြထားပါသည်။ DICA အနေဖြင့် ကုမ္ပဏီများ၏ တင်သွင်းချက်များအပေါ် စုံစမ်းစစ် ဆေးမှု ပြုလုပ်ရာတွင် လိုအပ်သော အရင်းအမြစ်များ၊ အချက်အလက်များကို ရှာဖွေဖော်ထုတ် ထားပြီး အဂတိလိုက်စားမှုကျူးလွန်နိုင်ခြေနှင့် အကျိုးစီးပွားဆိုင်ရာပဋိပက္ခ ဖြစ်နိုင်ခြေ အမြင့်မားဆုံး ကုမ္ပဏီကြီး များကို ဦးစားပေး စုံစမ်းစစ်ဆေးသင့်ပါသည်။ စုံစမ်းစစ်ဆေးရန် အမြင့်ဆုံး အခွင့်အာဏာနှင့်တာဝန်သည် DICA နှင့်ယှဉ်လျှင် မြန်မာအစိုးရတစ်ခုလုံးနှင့် သက်ဆိုင်သည်ဆိုသော်ငြားလည်း မြန်မာနိုင်ငံ၏ စီစစ်အတည်ပြုမှု လုပ်ငန်းစဉ် သည် စောနိုင်သမျှစောစွာ အခြေတကျဖြစ်နေရန် အထူးလိုအပ်ပါသည်။